## ဇန္နဝါရီ (၆)

**တစ်ခါတစ်ရံ မိမိသည် အရေးမပါအရာမရောက်သလိုခံစားမိလျှင် ဝမ်းမြောက်အားတက်ပါ၊ ဘုရားသခင်သည် သင့်ကို အသုံးပြုနိုင်သည်။**

**အ**သေးအဖွဲလေးများထဲ ဘုရားသခင်ပါလာလျှင် ကြီးကြီးမားမား ဖြစ်လာသည်။ အမှန်အားဖြင့် တစ်စုံတစ်ရာကိုအစပြုရန် ဘုရားသခင်အတွက် ဘာကိုမျှရှိနေရန်မလိုအပ်။ သူက ဘာမျှမရှိသော အနေအထားမှကမ္ဘာကြီးကို ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ (ဟေဗြဲ ၁၁း၃) အတော်လေးပင် ကောင်းမွန်လှသော ကမ္ဘာကြီးပင် မဟုတ်ပါလား? သူသည် ဘာမျှမရှိသော အရာထဲမှ တစ်စုံတစ်ရာကို ဖြစ်လာနိုင်စေသောကြောင့် သင်ကသာ ခွင့်ပေးလိုက်လျှင် သင့်ကိုပင် ထိုသို့ပြုနိုင်သည်။

ကြီးမားမှုကို ဤကမ္ဘာကြီးက လက်ခံမှတ်ယူထားသကဲ့သို့ ဘုရားသခင်က မမှတ်ယူ။ အမှန်အားဖြင့် အောင်မြင်မည့်ဟန် မပေါက်သောသူတို့ကို အသုံးပြုရာတွင် ဘုရားသခင်သည် အထူးတလည်ကျွမ်းကျင်လှသောကြောင့် အလွန်ထူးဆန်းအံ့သြဖွယ်ရာကောင်းသော ဘုရားရှင်၏ တန်ခိုးတော်နှင့် ကျေးဇူးတော်တို့ကြောင့် ထိုသူတို့သည် အခြားသူများအတွက် ထွန်းတောက်သောအလင်းများ ဖြစ်လာခဲ့ကြသည်။ ဘုရားသခင်သည် သူ၏ကြီးမြတ်ခြင်းကို ပြသရန်အတွက် မထင်မရှားသောသူများကိုသာ အလွန်ကြီးမြတ်သောသူများ ဖြစ်လာစေသည်။ (၁ကော ၁း၂၆–၂၉)

မိမိဇာတိကိုဆန့်ကျင်လျက် ဘုရားရှင်အားယုံကြည်ကိုးစားရန် ဝံ့ဝံ့စားစားရှိပါ။ ထို့အပြင် မိမိမလုပ်နိုင်ခဲ့သော ထူးဆန်းအံ့သြဖွယ်ရာအမှုကို သူပြုသောအခါ သူ့အားဂုဏ်ပြု ချီးမြှောက်ပါ။ သူသည် ဘာမျှမရှိသောအရာထဲမှ အရာရာကိုပြုလုပ်သောကြောင့် သင်သည် ဘုရားသခင်၌ ယုံကြည်နိုင်လျှင် အရာရာဖြစ်လာနိုင်သည်။ မိမိတို့အားလုံးကဘာမျှမဟုတ်ကြ။ မိမိတို့ကိုယ်တိုင်နှင့် ပတ်သက်၍ ကောင်းသောအရာတစ်ခုကိုမျှ မလုပ်နိုင်ကြ။ (ဂလာတိ ၆း၃၊ ယော ၁၅း၅) ဘုရားသခင်က ဘာမျှမရှိသောအရာ၏ ပတ်ပတ်လည်မှ ယင်းတို့တစုံတစ်ခုဖြစ်လာစေသည့် စက်ဝိုင်းနှင့်တူသည်။ ဘုရားရှင်က သင်၏ ဘေးပတ်ပတ်လည်တွင်ရှိနေလျှင် သင်၏ ဘာမျှမရှိခြင်းကပင်လျှင် တစ်စုံတစ်ရာဖြစ်လာနိုင်သည်။ အမှန်အားဖြင့်လည်း သင့်အနေနှင့် မည်သည့်အရာမဆိုနီးပါးဖြစ်လာနိုင်သည်။